# အသိပေးကြေညာခြင်း

ငါးလုပ်ငန်းဦးစီးဌာနသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement) လုပ်ငန်းစဉ်ပါအတိုင်း စာရွက်စာတမ်းအသုံးပြုမှု လျှော့ချပြီး အီလက်ထရောနစ်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဟူသော ရည်မှန်းချက်နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများတွင် လိုအပ်သော အချက်အလက်များကို အီလက်ထရောနစ်ဖြင့် ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ အကောက်ခွန်ဦးစီးဌာနတွင် MACCS User Code နှင့် E-Token များအား အောက်ဖော်ပြပါ စာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရန် လိုအပ်ပါသည် -

(က) Company Letter Head ကတိခန့်ဝံချက်လျှောက်လွှာ **UR-4 Form** (www.maccs.gov.mm → MACCS Registration → Form Download) တွင် Download လုပ်ပါ။

(ခ) လျှောက်ထားသူ၏မှတ်ပုံတင် **(မူရင်း)**

(ဂ) IE Code **(မူရင်း)**

(ဃ) Application Form **(UR-1)**

(င) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် **မူရင်း (Colour ဖြင့်) + Company Extract** ပါတွဲရန်

(စ) ပို့ကုန် / သွင်းကုန် လုပ်ငန်းရှင်လက်မှတ် **မူရင်း (Colour ဖြင့်)**

(UR Form များအား www.maccs.gov.mm website တွင် ဝင်ရောက်၍ Download ပြုလုပ်နိုင်ပါသည်။)

ပြည်တွင်းစားသုံးရန် တင်သွင်းမည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှရေထွက်ပစ္စည်းများ တင်သွင်းခြင်းမပြုမီ အောက်ဖော်ပြပါစာရွက်စာတမ်းများ၊ အထောက်အထားများအား Myanmar Automated Cargo Clearance System (MACCS) စနစ်တွင် ပူးတွဲလျှောက်ထားရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ခ) ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းမှတ်ပုံတင်

(ဂ) အရောင်းအဝယ်စာချုပ်မူရင်း (Origin Sale Contract)

(ဃ) ကုန်ထုပ်ပိုးမှုမူရင်း (Invoice / Packing list)

(င) ပင်ရင်းဒေသသက်သေခံလက်မှတ် (Certificate of Origin)

(စ) Health / Sanitary Certificate (မိတ္တူ)

(ဆ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထောက်ခံချက် (မူရင်း)

သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အီလက်ထရောနစ်စနစ် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် အသိပေးကြေညာအပ်ပါသည်။